# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မတ်လ ၂၀၂၅ ခုနှစ်

HURFOM

Human Right Foundation of Monland March 2025

# ဖြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## စစ်ကောင်စီ၏ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်နေရပြီး အကြောက်တရားများ ဆက်လက် ကြီးထွားနေသည်။

မတ်လ ၂၀၂၅

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများအတွင်းရှိ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်း ဧရိယာမှ ဒေသခံပြည်သူများကို စစ်ကောင်စီတပ်က အဆက်မပြတ် ပစ်မှတ်ထားတိုက်ခိုက်နေပြီး ဒေသခံပြည်သူများ၏ လူနေမှုဘဝသည် အပြင်းအထန်ခြိမ်းခြောက်ခံနေရသည်။

စစ်ကောင်စီက အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာသဖြင့် ကလေးသူငယ် များက လုံခြုံစိတ်ချစွာ ပညာသင်ယူနိုင်ခြင်း မရှိသည့်အပြင် ၎င်းတို့၏မိသားစုဝင်များသည်လည်း သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ကိုင်နိုင်ခြင်း မရှိချေ။

ယခုလအစောပိုင်းတွင် မှတ်တမ်းတင်ခဲ့သည့် အဖြစ်အပျက်တစ်ခုတွင် စစ်ကောင်စီ၏ ရက်စက်သောလျှပ်တပြက်တိုက်ခိုက်မှုကြောင့် စစ်ဘေးရှောင်ပြည်သူ (၅၀၀) ကျော်သည် နေရပ်ပြန်နိုင်ခြင်း မရှိသေးချေ။

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းကျေးရွာဟောင်းတွင် တိုက်ပွဲများ မရှိတော့သော်လည်း စစ်ကောင်စီတပ်သားများက ကျေးရွာအတွင်း စခန်းချတပ်စွဲထားခြင်းကြောင့် စစ်ရှောင်ပြည်သူ (၄၅၆) ဦးသည် နေရပ်မပြန်နိုင်ချေ။ စစ်ကောင်စီတပ်သားများသည် အိုင်ပုတ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချတပ်စွဲထားသဖြင့် အနီးအနားရှိ ဒေသခံပြည်သူများအကြား အကြောက်တရားနှင့် မလုံခြုံမှုများ ကြီးစိုးနေသည်။

**“စစ်သားတွေ ရွာထဲမှာရှိနေတော့ အိမ်မပြန်ရဲသေးဘူး။ မလုံခြုံသေးဘူးလေ။ ခုချိန်မှာ အိမ်ပြန်မယ်ဆိုရင် အသက်အန္တရာယ်ရှိနိုင်တယ်”** ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

အိမ်မပြန်နိုင်သေးသည့်စစ်ရှောင်ပြည်သူများသည် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသရှိ ဖလံချောင်းဝနှင့် အပေါ်ရစ်ချောင်းကျေးရွာအနီးရှိ တောတောင်နှင့် ဥယျာဉ်ခြံများတွင် ခိုလှုံနေ ရသည်။ ဝယ်ဗိုင်နှင့် ဝယ်ဇင်ကျေးရွာများရှိ စစ်ရှောင်မိသားစုအချို့ ရွာသို့ပြန်သွားကြသော်လည်း မလုံခြုံမှုကြောင့် နေ့ဘက်တွင်သာ နေအိမ်၌နေကြပြီး ညဘက်တွင်မူ နီးစပ်ရာ တောတောင်နှင့် ဥယျာဉ်ခြံများတွင် သွားရောက်အိပ်စက်နေရသည်။

**“ရွာပြန်သွားတဲ့သူတွေတောင် နေ့ခင်းဘက်ပဲ အိမ်မှာနေရဲကြတယ်။ ညရောက်ရင်တော့ လုံခြုံတဲ့ နေရာကိုပြောင်းအိပ်ကြရတယ်”** ဟု နေရပ်ပြန်သွားသူ ရွာသားတစ်ဦးက ပြောသည်။

နေရပ်မပြန်နိုင်သေးသည့် စစ်ရှောင်ပြည်သူများအတွက်မှု မသေချာမရေရာမှုများက ပြည့်နှက်နေ သည်။ စစ်ကောင်စီတပ်သားများက ကျေးရွာတွင် စခန်းချထားခြင်းကြောင့် နေရပ်ပြန်ရန် အလှမ်းဝေးနေဆဲ ဖြစ်သည်။ အတင်းအဓမ္မနေရပ်စွန့်ခွာရမှုများ ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည်။

စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေစဉ်အတွင်း ဖမ်းဆီးခံရသည့် တနင်္သာရီတိုင်း သိန်ခွန်း ကျေးရွာမှ စစ်ရှောင်ပြည်သူ (၈) ဦးသည် (၁) ပတ်ကျော်ကြာသည်အထိ ဆက်လက်ထိန်းသိမ်းခံထား ရဆဲ ဖြစ်သည်။ မိသားစုဝင်များနှင့်လည်း အဆက်အသွယ်မရချေ။ ၎င်းတို့သည် သတင်းအစအန ပျောက်ဆုံးနေကြောင်း စစ်ရှောင်အရေးကို ကူညီပေးနေသူများက ပြောသည်။

## မတ်လ ၂၀၂၅

၂၀၂၄ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ထိုင်း - မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ သိန်ခွန်း ကျေးရွာမှ ဒေသခံပြည်သူများသည် စစ်ကြောင်းထိုးခြင်းနှင့် တိုက်ပွဲများကြောင့် ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ နေ့လည် (၁) နာရီအချိန်တွင် ကျေးရွာအနီးရှိ ကွမ်းခြံတွင် ကွမ်းရွက်ခူးနေသည့် စစ်ရှောင်ပြည်သူ (၁၈) ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။

**"ခုထိ သူတို့နဲ့ အဆက်အသွယ်မရသေးဘူး။ သူတို့ကို ပြန်မလွှတ်သေးဘူး။ သူတို့ကို စစ်ကောင်စီ တပ်က ဖမ်းခေါ်သွားတယ်လို့ သိပေမဲ့ ဘယ်ကိုခေါ်သွားလဲဆိုတာ မသိရဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူများသည် သိန်ခွန်းကျေးရွာမှ အမျိုးသား (၉) ဦးနှင့် အမျိုးသမီး (၉) ဦးတို့ ဖြစ်သည်။ ၎င်းတို့သည် မိသားစုဝင်များ သို့မဟုတ် ဆွေမျိုးနီးစပ်များ ဖြစ်ကြသည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် သိန်ခွန်းကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က နေအိမ် အနည်းဆုံး (၅) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့်လည်း နေအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူများ အတိဒုက္ခရောက်ခဲ့ရသည်။

## ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများ

စစ်ကောင်စီ၏ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှုနှင့် သေနတ်ဖြင့်ပစ်ခတ်မှုတို့ ပါဝင်သည်။ ဒေသခံများ၏ ပြောကြားချက်အရ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဝင်းကဖော်ကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

မတ်လ (၃) ရက်နေ့ နေ့လည် (၁) နာရီခန့်တွင် တိုက်လေယာဉ်တစ်စင်းက ကျေးရွာအပေါ်သို့ ဗုံးကြဲချတိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရကာ နေအိမ်များ ပျက်စီးခဲ့သည်။ အသက် (၁၀) နှစ်အရွယ် ယောကျ်ားလေး (၁) ဦး၊ အသက် (၆၀) အရွယ် အမျိုးသမီး (၁) ဦး၊ အသက် (၅၀) အရွယ် အမျိုးသား (၁) ဦးနှင့် အသက် (၄၀) အရွယ် အမျိုးသား (၁) ဦး စုစုပေါင်း ဒေသခံပြည်သူ (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

**"(၄) ယောက် ဒဏ်ရာရတယ်။ အသက်ကြီးတဲ့တစ်ယောက်ကတော့ စိုးရိမ်ရတယ်။ ထိခိုက်မှုကို ကြည့်ရတာတော့ ပေါင် (၅၀၀) ဗုံး ဖြစ်မယ်လို့ ခန့်မှန်းရတာပဲ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

သဲချောင်းကြီးရွာသားတစ်ဦး၏ ပြောကြားချက်အရမူ ဒေသခံ (၂) ဦးသာ ထိခိုက်ဒဏ်ရာရခဲ့သည်။ ဆက်သွယ်ရန်ခက်ခဲသဖြင့် အသေးစိတ်အချက်အလက်ကို သိရှိနိုင်ရန် မလွယ်ကူချေ။ စစ်ကောင်စီ တပ်က လျှပ်စစ်မီး ဖြတ်တောက်ကာ ပဋိပက္ခဒေသအတွင်းရှိ ဒေသခံပြည်သူများကို ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်တောက်ထားသည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် မဲသနနှင့် ထီးကျော်ခီးကျေးရွာ များကို စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သထုံခရိုင် ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။ မတ်လ (၁) ရက်နေ့ နံနက် (၆) နာရီတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး တိုက်လေယာဉ်တစ်စင်းဖြင့် ကျေးရွာ (၂) ရွာအပေါ်သို့ ဗုံးသီးအနည်းဆုံး (၄) လုံး ကြဲချခဲ့သည်။

တိုက်ခိုက်မှုကြောင့် လူနေအိမ်များနှင့် မဲသနတောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းအပါအဝင် ဘာသာရေး အဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းများလည်း ပိတ်သိမ်းခဲ့ရပြီး ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လေကြောင်းတိုက်ခိုက်မှုတွင် ၁၂၀-မမ ဗုံး

သီးများနှင့် ထပ်ဆင့်ပေါက်ကွဲသည့် လက်လုပ်ဗုံးသီးများ ပါဝင်နေပြီး ဒေသခံပြည်သူများအကြား အကြောက်တရားများ ကြီးထွားနေ ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ပြောသည်။

ယခုလေကြောင်းတိုက်ခိုက်မှုသည် ဘားအံမြို့နယ်တွင် ပထမဆုံးတိုက်ခိုက်မှု မဟုတ်ချေ။ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် တဂေးလောင်းကျေးရွာကို လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ရာ ဓမ္မာရုံ (၁) ခုအပါအဝင် အဆောက်အဦး (၁၀) လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

စစ်ကောင်စီက ကျေးရွာများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အဦးများကို လေကြောင်းဖြင့် ဆက်လက်တိုက်ခိုက်နေခြင်းကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်နေရပြီး ဘဝပြန်လည်ထူထောင်ရန် ရုန်းကုန်နေကြရသည်။ တိုက်ပွဲဖြစ်ပွားခြင်းလည်း မရှိသဖြင့် အဆိုပါလေကြောင်းတိုက်ခိုက်မှုများသည် ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေရန်နှင့် အိုးအိမ်စွန့်ခွာထွက်ပြေးစေရန် တမင်သက်သက်ရည်ရွယ်သည်ဟု ထင်မြင်ယူဆရသည်။

၂၀၂၅ နှစ်ဆန်းပိုင်းမှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးခဲ့ရသည်။

မတ်လ (၅) ရက်နေ့ နံနက် (၁) နာရီခွဲအချိန်တွင် ကော့ကရိတ်မြို့နယ်တောင်ပိုင်း အစွန်းကျေးရွာကို စစ်ကောင်စီတပ်က တိုက်လေယာဉ်ဖြင့် (၂) ကြိမ် ဗုံးကြဲချတိုက်ခိုက်ခဲ့သည်။ နေအိမ် (၅) လုံး ပျက်စီးခဲ့ပြီး ပြည်သူ (၂) ဦး ထိခိုက်ခဲ့သည်။ မတ်လ (၄) ရက်နေ့ နေ့လည် (၁) နာရီခန့်တွင်လည်း ဒေါက်ပလန်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ စာသင်ကျောင်း (၁) ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ မြေပြင်မှ သတင်းပေးပို့ချက်များအရ ဒေသခံပြည်သူ (၃) ဦး ထိခိုက်သည်ဟု သိရသော်လည်း အရေအတွက်အတိအကျကိုမူ မသိရှိနိုင်သေးချေ။

၂၀၂၅ ဖေဖော်ဝါရီလနှောင်းပိုင်းနှင့် မတ်လဆန်းပိုင်းမှစ၍ ကော့နွဲနှင့် ရွာသစ်ကုန်းကျေးရွာများ အနီးတဝိုက်တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ စစ်ကောင်စီက မြေပြင်စစ်ကြောင်းများ အကြိမ်ကြိမ်ထိုးနေသဖြင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် မဟာမိတ်အင်အားစု များက အပြင်းအထန် ခုခံနေသည်။

ငင်းပြင် ဘော့ဒိုင်း၊ စံဖလာနှင့် အစွန်းကျေးရွာများသည် တိုက်ပွဲဖြစ်ပွားသည့်နေရာနှင့် တိုက်ရိုက် ထိတွေ့နေခြင်း မရှိသော်လည်း ယခုလပထမရက်သတ္တပတ်များတွင် စစ်ကောင်စီ၏ အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံနေရသည်။

အခြေအနေများက အချိန်တိုအတွင်း ပိုမိုဆိုးရွားလာပြီး ထွက်ပြေးတိမ်းရှောင်ရန်အတွက် ဒေသခံပြည်သူများက အစားအသောက်နှင့် ပစ္စည်းပစ္စယများကို စုဆောင်းပြင်ဆင်နေကြသည်။

သို့သော် စစ်ကောင်စီတပ်က အခြေခံစားသောက်ကုန်များ သယ်ယူခြင်းကို ကန့်သတ်လိုက်သဖြင့် အစားအစာနှင့် အခြားလိုအပ်ချက်များကို ရရှိနိုင်ရန် ခက်ခဲလာသည်။

ကော့ကရိတ်မြို့ကို ၂၀၂၄ ခုနှစ်က တော်လှန်ရေးတပ်ဖွဲ့များက အကြိမ်ကြိမ်သိမ်းပိုက်နိုင်ခဲ့ သော်လည်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုအကူအညီဖြင့် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယခုအခါ စစ်ကောင်စီက ကော့ကရိတ်မြို့တွင် တပ်စွဲစခန်းချထားပြီး အနီးဝန်းကျင်နေရာများကို ခြေကုပ်ယူထားသည်။

## မတ်လ ၂၀၂၅

ကော့ကရိတ်မြို့နယ်တောင်ပိုင်းတွင် ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ၊ နေအိမ်နှင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်းများ ဆက်လက်ဖြစ်ပွားနေပြီး လူသားချင်း စာနာထောက်ထားမှု အကြပ်အတည်းများ ဖြစ်ပေါ်နေသည်။ ဒေသခံထောင်ချီ စစ်ရှောင်နေရပြီး စားနပ်ရိက္ခာများ ပြတ်လပ်နေသည်။ စစ်ရှောင်ပြည်သူများသည် ခိုလှုံစရာများနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ အရေးပေါ်လိုအပ်နေသည်။

**"တိုက်ပွဲမဖြစ်တဲ့နေရာတွေကိုလည်း စစ်တပ်က တိုက်ခိုက်နေတာပဲ။ သူတို့က ပြည်သူတွေကို အကြောက်တရားသွင်းနေတာ။ တစ်နေ့တစ်နေ့ ကောင်းကောင်းမနေရအောင် လုပ်ပြီး အင်အားချည့်နဲ့သွားအောင် လုပ်နေတာ"** ဟု ကော့ကရိတ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

မတ်လ (၁၃) ရက်နေ့တွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၌ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား ထိတွေ့မှုဖြစ်ပွားခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က စစ်ကောင်စီအခြေစိုက်စခန်း (၂) ခု ဖြစ်သည့် မောင်းမကန်ရဲစခန်းနှင့် လောင်းလုံးမြို့နှင့် စမ်းလှမ်းကျေးရွာကြားရှိ လက်ခတ်တောင်စစ်စခန်းတို့ကို တပြိုင်နက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

မနက် (၇) နာရီတွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် စစ်သင်္ဘောက လက်နက်ကြီးပစ်ခတ်မှုတို့ဖြင့် တုံ့ပြန်ခဲ့သည်။ မောင်းမကန်ရဲစခန်းတိုက်ခိုက်မှုတွင် ဒေသခံပြည်သူ (၄) ဦး ဗုံးစထိမှန် ဒဏ်ရာရခဲ့သည်။

မနက် (၁၀) နာရီတွင် တိုက်လေယာဉ်တစ်စင်း ရောက်ရှိလာပြီး လက်ခတ်တောင်ကို ဗုံး (၂) လုံး ကြဲချကာ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ထိုအချိန်တွင် အနောက်ပင်လယ်ရှိ စစ်သင်္ဘော ကလည်း လက်နက်ကြီးပစ်ကူပေးခဲ့သည်။

**"ရွာသား (၄) ယောက် ထိသွားတယ်။ စစ်သင်္ဘောကနေ ကျွန်တော်တို့ကို အရင်ပစ်တာ။ နောက်မှ တိုက်လေယာဉ်က ဗုံးကြဲပြီး သေနတ်နဲ့ပစ်တာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

နေ့လည် (၁) နာရီတွင် လက်ခတ်တောင်ဒေသကို လေကြောင်းတိုက်ခိုက်မှု နောက်ထပ်တစ်ကြိမ် ပြုလုပ်ခဲ့ပြန်သည်။ ထိခိုက်ဒဏ်ရာရသူများတွင် မွေးကင်းစ ကလေးမိခင်တစ်ဦးလည်း ပါဝင်သည်။ ၎င်းသည် ဗုံးစထိမှန်သဖြင့် ဝမ်းဗိုက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်။ အခြား (၃) ဦးဖြစ်သည့် အမျိုးသား (၂) ဦးနှင့် သက်ကြီးပိုင်းအမျိုးသမီး (၁) ဦးတို့သည် လက်မောင်းများတွင် ထိခိုက်ဒဏ်ရာရခဲ့သည်။

**"ကလေးအမေကတော့ ဒဏ်ရာအတော်ပြင်းတယ်။ ဒဏ်ရာတွေလည်း အများကြီးပဲ။ နောက်ဒဏ်ရာရတဲ့ တစ်ယောက်က သက်ကြီးပိုင်းပဲ။ လက်မောင်းမှာ ထိသွားတယ်။ ယောကျ်ား (၂) ယောက်ကတော့ အသေးစားဒဏ်ရာတွေပဲ ရတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မောင်းမကန်အနီးတဝိုက်တွင် ပစ်ခတ်မှုများက နေ့လည်တွင် လျော့ကျသွားသော်လည်း လက်ခတ်တောင်ဝန်းကျင်တွင်မူ ကြိုကြားကြိုကြား ပစ်ခတ်မှုများက ဆက်လက်ဖြစ်ပွားနေသည်။

တပေါင်းလပြည့်နေ့တွင်လည်း တိုက်ပွဲဖြစ်ပွားခဲ့သည်။ လောင်းလုံးမြို့နယ်တွင် အလှူအတန်း ပြုလုပ်နေစဉ် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ပြည်သူများ အတိဒုက္ခရောက်ခဲ့ရသည်။

မတ်လ (၁၈) ရက်နေ့ နံနက် (၁၀) နာရီတွင် စစ်ကောင်စီတပ်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ထားဝယ်နည်းပညာတက္ကသိုလ်အနီးရှိ ဇီးကျကျေးရွာတွင် ကျရောက်ပေါက်ကွဲ ခဲ့ရာ သားအဖ (၂) ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

လက်နက်ကြီးကျည်တစ်လုံးသည် သားဖြစ်သူ အလုပ်လုပ်နေသည့် လယ်ကွင်းအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် သားဖြစ်သူက လက်တစ်ဖက်ဆုံးရှုံးခဲ့ရပြီး ဖခင်ဖြစ်သူကမူ ခါးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း မျက်မြင်များက ပြောသည်။

**“(၂) ယောက်စလုံးက ဒဏ်ရာတော်တော်ပြင်းတယ်။ ဆေးကုသဖို့ ထားဝယ်ဆေးရုံကို ပို့ထားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် စစ်ကောင်စီတပ်သားများ သေဆုံးခဲ့သည့် စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံ ရမှုနှင့် ဆက်စပ်နေနိုင်သည်။ သို့သော် လက်နက်ကြီးပစ်ခတ်ချိန်တွင် မည်သည့်တော်လှန်ရေး အဖွဲ့ကမှ လှုပ်ရှားနေခြင်း မရှိချေ။ ထားဝယ်မြို့မှ အမည်မဖော်လိုသူ မြို့နယ်အဆင့် နိုင်ငံရေးပါတီဝင်တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

**“စစ်ကောင်စီက အရပ်သားတွေနဲ့ တော်လှန်ရေးတပ်ဖွဲ့တွေကို ခြိမ်းခြောက်ဖို့ ရှိသမျှပစ်အားတွေ စစ်ဗျူဟာတွေကို သုံးနေတယ်။ တိုက်ပွဲမရှိရင်တောင်မှ လက်နက်ကြီးတွေ ရမ်းသမ်းပစ်တယ်။ ဒရုန်းတွေနဲ့ ဗုံးကြဲတယ်။**

**သူတို့က အကြောက်တရားရိုက်သွင်းပြီး ဒီဒေသတွေကို ထိန်းချုပ်ချင်နေတယ်။ ပိုအရေးကြီးတာက ဒီနှစ်ကုန်မှာလုပ်မယ့် ရွေးကောက်ပွဲမတိုင်မီမှာ ဒီဒေသတွေကို သေသေချာချာထိန်းချုပ်ထား ချင်နေတာ။ အဲတော့ ဒေသခံပြည်သူတွေပဲ ဒုက္ခရောက်ရတယ်။ ထိခိုက်ဒဏ်ရာရတယ်။ ထွက်ပြေးရတယ်။ အသတ်ခံရတယ်။ ဒါက စစ်ရာဇဝတ်မှုတွေပဲ။ ကမ္ဘာကြီးက ဒီအကြောင်းတွေကို သိဖို့လိုတယ်။ မူဝါဒချမှတ်သူတွေ ကမ္ဘာ့မီဒီယာတွေက ဒါတွေကို အာရုံစိုက်သင့်တယ်”** ဟု ပြောသည်။

ယခုတိုက်ခိုက်မှုသည် အမှတ် (၁၀၄) အမြောက်တပ်ရင်း၏ ပထမဆုံးတိုက်ခိုက်မှု မဟုတ်ချေ။ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်လည်း လက်နက်ကြီးပစ်ခတ်မှုကြောင့် ရေဖြူမြို့နယ် ကျခတ္တာပင်အင်းကျေးရွာမှ အသက် (၅၀) အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်း ဧရိယာရှိ ကျေးရွာအနည်းဆုံး (၂၄) ရွာနှင့် ဒေသခံပြည်သူတို့အပေါ် ထပ်ခါထပ်ခါ ဒုက္ခပေးနေသည်။ ၎င်းပြင် ဒရုန်းတိုက်ခိုက်မှုကိုလည်း အကြိမ်ပေါင်း (၄၀) ကျော် ပြုလုပ်ခဲ့သည်။ မတ်လ (၅) ရက်နေ့မှစ၍ အနည်းဆုံး လေကြောင်းတိုက်ခိုက်မှု (၅) ကြိမ်နှင့် လက်နက်ကြီးပစ်ခတ်မှု အကြိမ် (၆၀) ပြုလုပ်ခဲ့သည်။

တိုက်ခိုက်မှုများသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တလျှောက် ပျံ့နှံ့နေသည်။

နောက်ဆက်တွဲအနေဖြင့် ဒေသခံပြည်သူ (၃) ဦး သတ်ဖြတ်ခံရပြီး (၁၉) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ (၆) ဦးမှာ ဒဏ်ရာပြင်းထန်သည်။ နေအိမ်အလုံး (၄၀) ကျော် ထိခိုက်ပျက်စီးခဲ့သည်။ လယ်ကွင်းများ၊ ပြည်သူပိုင် အဆောက်အဦးများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့သည်။

၎င်းပြင် ကရင်ပြည်နယ်တောင်ပိုင်းနှင့် မွန်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ အနည်းဆုံး (၁၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး နေအိမ် (၂၉) လုံး ပျက်စီးခဲ့သည်။

## အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်း

အတင်းအကြပ်စစ်မှုထမ်းခိုင်းခြင်းက ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှု ကြီးမားလာသည်။ စစ်ကောင်စီက အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ စာရင်းကိုပါ ရယူနေသည်ဟု သိရပြီး စစ်ကောင်စီလက်အောက်တွင် ၎င်းတို့၏လုံခြုံရေးသည် ခြိမ်းခြောက်ခံ နေရသည်။

စစ်ကောင်စီက စစ်ဆေးရေးဂိတ်များကို တိုးမြှင့်ချထားပြီး

## မတ်လ ၂၀၂၅

ငွေကြေးအဓမ္မတောင်းခံခြင်းနှင့် ပစ္စည်းများ သိမ်းယူခြင်းတို့ကို လုပ်ဆောင်နေသည်။ ၎င်းအပြုအမူကို ကြည့်ခြင်းအားဖြင့် အတင်းအကြပ်စစ်မှုထမ်းခြင်းအပေါ် ထောက်ခံမှုမရှိသည်ကို သိသာစေသည်။

မတ်လ (၂) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် သပြေနီကျေးရွာအနီး ရန်ကုန် - မော်လမြိုင်ကားလမ်းပေါ်ရှိ သံတံတားစစ်ဆေးရေးဂိတ်၌ လူငယ်အမျိုးသား (၂) ဦးအပါအဝင် ခရီးသွားပြည်သူအနည်းဆုံး (၇) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးထားသည်။

စစ်သားများက ၎င်းတို့၏လက်ကိုင်ဖုန်းကို စစ်ဆေးပြီးနောက် ချက်ချင်းဖမ်းဆီးထိန်းသိမ်းခဲ့သည်။

**"သူတို့က ဘယ်သူတွေလဲဆိုတာ မသိဘူး။ ဒါပေမဲ့ စစ်သားတွေက ဖုန်းတွေကိုလည်း စစ်ပြီးရော ချက်ချင်း ဖမ်းလိုက်တာပဲ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ညနေ (၅) နာရီအချိန်တွင် သထုံမှ ဘီးလင်းသို့ ခရီးသွားနေသည့် ခရီးသည်တင်ယာဉ်တစ်စီးကို အဆိုပါဂိတ်စခန်းတွင်ပင် စစ်ကောင်စီတပ်က ရပ်တန့်စစ်ဆေး ခဲ့သည်။ လူငယ်ခရီးသွား (၅) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် မြဝတီရှိ "ကျားဖြန့် ငွေလိမ်ဂိုဏ်းများ" မှ ပြန်လည်လွတ်မြောက်လာပြီးနောက် နေအိမ်သို့ ပြန်လာကြသူများ ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း မွန်ပြည်နယ်တွင် စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၀) အထိ သင်တန်းသား (၂,၀၀၀) ကျော်ကို စုဆောင်းခဲ့ပြီးဖြစ်ကြောင်း စစ်ကောင်စီနှင့် နီးစပ်သူများနှင့် ဒေသခံအာဏာပိုင်များက ပြောသည်။

၂၀၂၅ ဇန်နဝါရီလ တစ်လတည်းတွင်ပင် စစ်မှုထမ်းသင်တန်းသား အတင်းအကြပ် စုဆောင်းခြင်းများ အလွန်အမင်းများပြားနေခဲ့ပြီး အဓမ္မဖမ်းဆီးမှုများလည်း မြင့်တက်လာခဲ့သည်။ ဒေသခံပြည်သူ (၆၀) ကျော်သည် အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရပြီး ၎င်းတို့အနက် (၁၅) ဦးသည် စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအကြပ်စုဆောင်းခြင်း ခံလိုက်ရသည်။ အဓမ္မဖမ်းဆီးခြင်းနှင့် စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအကြပ် စုဆောင်းခြင်းများကြောင့် ဒေသခံလူငယ်များအကြား အကြောက်တရားများ ပျံ့နှံ့နေသည်။ ၎င်းတို့အများစုသည် စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးခံရမည့်အန္တရာယ်ကို ရှောင်လွှဲနိုင်ရန် အတွက် မြို့နယ်တစ်ခုမှ တစ်ခုသို့အကြား ခရီးသွားလာခြင်းကို တတ်နိုင်သမျှ ရှောင်ရှားနေ ကြသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် စစ်ကောင်စီတပ်က လူငယ်များကို ဆက်တိုက်ဖမ်းဆီးနေပြီး မတ်လ ပထမနှင့် ဒုတိယအပတ်များတွင် လူငယ်အနည်းဆုံး (၁၅) ဦး ဖမ်းဆီးခံခဲ့ရသည်။

မတ်လ (၉) ရက်နေ့ ညနေပိုင်းတွင် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာကို နေအိမ်များကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး အမျိုးသမီးများအပါအဝင် လူငယ် (၁၀) ဦးကို ဖမ်းဆီးခဲ့သည်။

"ဘာကြောင့်ဖမ်းသွားလဲဆိုတာ ခုထိမသိသေးဘူး။ သူတို့ကိုလည်း ဆက်သွယ်လို့ မရဘူး။ အတင်းအကြပ် စစ်မှုထမ်းခိုင်းမှာကိုပဲ စိုးရိမ်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံများ၏ပြောကြားချက်အရ ဖမ်းဆီးခံရသူအများစုသည် အသက် (၁၈) မှ (၃၅) နှစ်ကြားရှိ လူငယ်များဖြစ်ကြောင်း သိရသည်။

**"စစ်သားတွေက ညဘက်ဆိုကင်းလှည့်ပြီး လူငယ်တွေကို စောင့်ကြည့်နေတာ။ ဖမ်းတာတော့ အကြောင်းအမျိုးမျိုးပြ ဖမ်းတာပဲ။ အများစုကတော့ ညသန်းခေါင်မှာ ဘယ်သူမှမသိဘဲ အဖမ်းခံရတာ။ တချို့ဆို သတင်းအစအန မရဘဲ ပျောက်နေတယ်။ တချို့ကျတော့ ပိုက်ဆံပေးပြီး ပြန်လွတ်လာတာလည်း ရှိတယ်"** ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

## မတ်လ ၂၀၂၅

စစ်ကောင်စီတပ်သားများက ညဘက်တွင် နေအိမ်များကို ဝင်ရောက်စီးနင်းနေသည်။ ဆိုင်ကယ်စီးနင်းလာသည့်လူငယ်များကို ဖမ်းဆီးထိန်းသိမ်းနေသည်။ ခရီးသွားပြည်သူများ၏ လက်ကိုင်ဖုန်းများကို စစ်ဆေးပြီး မဟုတ်မမှန်စွပ်စွဲသည်။ ဖေဖော်ဝါရီလ တစ်လတည်းတွင် မွန်ပြည်နယ်၌ လူငယ် (၅၀) ကျော် ဖမ်းဆီးခံခဲ့ရသည်။ အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများလည်း ဖြစ်ပွားခဲ့သည်။

ဖမ်းဆီးခြင်းများ၊ အတင်းအကြပ်စစ်မှုထမ်းခိုင်းခြင်းများနှင့် ငွေညှစ်ခြင်းများက ဒေသခံပြည်သူ များအကြား အကြောက်တရားများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေသည်။ စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် လူငယ်လူရွယ်အများအပြားသည် တိမ်းရှောင်ပုန်းခို နေရသည်။

တပ်သားသစ်များနှင့် စစ်မှုထမ်းသင်တန်းသား လူငယ်လူရွယ်များကို ထားဝယ်ရှိ စစ်အခြေစိုက်စခန်းများကို အင်အားဖြည့်တင်းရာတွင် အသုံးချနေသည်။ ထားဝယ်အရှေ့ပိုင်းရှိ ကျေးရွာများတွင် စစ်ဆင်ရေးပြုလုပ်နေသည့် တပ်ရင်းတပ်ဖွဲ့များတွင် အဆိုပါလူသစ်များက တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။

မတ်လ (၁၈) ရက်နေ့တွင် အင်အား (၂၀၀) ဝန်းကျင်ရှိ စစ်ကြောင်းကြီးတစ်ခုက စည်ပင်ကောက်ကျေးရွာမှ ပကာရီကျေးရွာသို့ ချီတက်လာသည်။ စစ်ကြောင်းထိုးသည်နှင့် တစ်ပြိုက်နက် ရာနှင့်ချီသော ဒေသခံပြည်သူများသည် လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းတိုက်ခိုက်မှုရန်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်။

အမျိုးသမီးနှင့် ကလေးသူငယ်အများစုပါဝင်သည့် ရွာသားများသည် တိုက်ပွဲကို ရှောင်ရှားနိုင်ရန်အတွက် လုံခြုံသည့်နေရာသို့ ထွက်ပြေးပြောင်းရွှေ့သွားခဲ့ရသည်။

**“အခြေအနေက တော်တော်လေးစိုးရိမ်ဖို့ ကောင်းတယ်။ လူတွေက လက်နက်ကြီးတွေပစ်မှာ ဒရုန်းနဲ့တိုက်ခိုက်မှာကို ကြောက်နေကြတယ်။ ကလေးနဲ့ အမျိုးသမီးတွေ လုံခြုံဖို့ ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်ပေးသွားမှာပါ”** ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ထားဝယ်ကျေးလက်ဒေသကို စစ်ကောင်စီတပ်ဖွဲ့ဝင်များ ပိုမိုဝင်ရောက်လာသည်နှင့်အမျှ စည်ပင်ကောက်၊ တလိုင်းတောင်၊ ဇလွန်းနှင့် ကဒက်ကျေးရွာများမှ ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးပြီး ဘေးလွတ်ရာခိုလှုံနေရသည်။

စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့အကြား ထားဝယ်အရှေ့တောဒေသတွင် ဖြစ်ပွားနေသည့်တိုက်ပွဲတွင် ပိတ်မိနေမည်ကို ဒေသခံပြည်သူများက ကြောက်ရွံ့နေကြသည်။ ပကာရီဒေသခံတစ်ဦးက **“စစ်ကောင်စီက စစ်ကြောင်းထိုးလာတော့ တိုက်ပွဲပြင်းထန်လာမှာကို ကြောက်နေကြတယ်။ တိုက်ပွဲဖြစ်ရင် ဒေသခံတွေက တိုက်ပွဲကြား ပိတ်မိနေမှာပဲ”** ဟု ပြောသည်။

စစ်ကြောင်းထိုးနေသည့် အမှတ် (၄၀၂) ခြေမြန်တပ်ရင်းက စစ်မှုထမ်းသင်တန်းဆင်း တပ်သားသစ်များကို အသုံးပြုနေသည်။ ၎င်းတို့အများစုသည် စစ်သားအဖြစ် အဓမ္မစုဆောင်းခံထား ရသူများ ဖြစ်ပြီး ကာလတိုစစ်သင်တန်းပြီးနောက် ရှေ့တန်းစစ်မြေပြင်သို့ ချက်ချင်းပို့ဆောင်ခံထားရ သူများ ဖြစ်သည်။

ယခုလအစောပိုင်းတွင် ထားဝယ်မြို့နယ်၌ ရက်စက်ကြမ်းကြုတ်သည့် စစ်ကြောင်းထိုးမှုများ ဆက်တိုက်ဖြစ်ပွားနေသည်။ မတ်လအစောပိုင်းတွင် သဗျာ၊ ပကာရီ၊ ဝကုန်း၊ ဘေးမတပ်၊ ဝပြင်နှင့် သင်္ကန်းတုန်းကျေးရွာများကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းသဖြင့် ထောင်နှင့်ချီသော ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

စစ်ကောင်စီတပ်က မတရားဖမ်းဆီးခြင်း၊ အတင်းအကြပ်စစ်မှုထမ်းစေခြင်းနှင့် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခြင်းများ လုပ်ဆောင်နေသည်။

မတ်လ (၁၄) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ ကမြောကင်းစစ်ဆေးရေးဂိတ်တွင် မောင်းမကန်ဒေသခံ (၃) ဦး ဖမ်းဆီးခံခဲ့ရသည်။

၎င်းတို့ကို စစ်ကောင်စီက မတရားဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း မိသားစုဝင်များက ပြောဆိုထားပြီး အတင်းအကြပ်စစ်မှုထမ်းစေရန်အတွက် စစ်သား စုဆောင်းရေးစခန်းသို့ အဓမ္မပို့ဆောင်ခဲ့သည်ဟု သိရသည်။

မောင်းမကန်ကျေးရွာအုပ်စု ကဗျိုးနှစ်ပင်ကျေးရွာမှ အသက် (၃၂) အရွယ် ကိုဖစုသာ၊ အသက် (၂၀) အရွယ် ကိုသားကြီးနှင့် မောင်းမကန်ကွက်သစ်မှ အမည်မသိ အမျိုးသား (၁) ဦးတို့သည် ၎င်းတို့၏ ငါးဖမ်းလှေသည် ထားဝယ်မြို့တွင် ကမ်းကပ်သဖြင့် နေအိမ်သို့ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရသည်။

၎င်းတို့ (၃) ဦးကို ကမြောကင်းစစ်ဆေးရေးဂိတ်က စစ်သားများက စစ်ဆေးမေးမြန်းပြီးနောက် ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း မိသားစုဝင်များက ပြောသည်။

**"သူတို့ငါးဖမ်းလှေက ထားဝယ်မှာကမ်းကပ်တော့ အိမ်ပြန်လာကြတာ။ အဲဒါ စစ်ဆေးရေးဂိတ်မှာ အဖမ်းခံလိုက်ရတယ်။ ပထမတော့ ထားဝယ်အုပ်ချုပ်ရေးရုံးကို ခေါ်သွားတယ်ကြားတယ်။ မိသားစုဝင်တွေက သွားတွေ့ပေမဲ့ တွေ့ခွင့်မရခဲ့ဘူး။ အချုပ်ကားနဲ့ ဖမ်းခေါ်သွားတာကိုပဲ မြင်လိုက်ရတယ်"** ဟု ဖမ်းဆီးခံရသူတစ်ဦး၏မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

မတ်လ (၁၅) ရက်နေ့ ည (၉) နာရီတွင် ဖမ်းဆီးခံရသူများက ၎င်းတို့၏မိသားစုဝင်များကို ဖုန်းဖြင့် ဆက်သွယ်လာခဲ့သည်။ ၎င်းတို့ကို သင်္ဘောတစ်စီးဖြင့် ပို့ဆောင်တော့မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

**"လူအပြည့်နဲ့သင်္ဘောတစ်စီးကတော့ ထွက်သွားပြီ။ သူတို့က နောက်သင်္ဘောတစ်စီးကို စောင့်နေကြတာတဲ့။ အဲတစ်ခေါက် ဖုန်းပြောပြီးနောက်ပိုင်း ဘာအဆက်အသွယ်မှ မရတော့ဘူး"** ဟု ဖမ်းဆီးခံရသူတစ်ဦး၏ မိခင်ဖြစ်သူက ပြောသည်။

၎င်းတို့ကို မြိတ် သို့မဟုတ် ကော့သောင်းရှိ စစ်သားစုဆောင်းရေးစခန်းများသို့ ပို့ဆောင်နိုင်ချေ ရှိသဖြင့် မိသားစုဝင်များက စိုးရိမ်နေကြသည်။ ဖမ်းဆီးခံရသူများကို အတင်းအကြပ်စစ်မှုထမ်း စေရန်အတွက် စစ်သားစုဆောင်းရေးစခန်းများသို့ ရေလမ်းခရီးဖြင့် ပို့ဆောင်လေ့ရှိကြောင်း ဒေသခံများက အတည်ပြုသည်။

နိုဝင်ဘာလ (၂၄) ရက်နေ့တွင်လည်း ငါးဖမ်းလုပ်သားများအပါအဝင် အမျိုးသားအယောက် (၅၀) ကို ပုလောတံတားစစ်ဆေးရေးဂိတ်က ဖမ်းဆီးပြီး အတင်းအကြပ်စစ်မှုထမ်းစေရန်အတွက် စစ်လေ့ကျင့်ရေးစခန်းများသို့ ပို့ဆောင်ခဲ့သည်။

## မြေမြှုပ်မိုင်းများ

မြေမြှုပ်မိုင်းများက ပြည်သူတို့၏ဘဝကို ဖျက်ဆီးနေဆဲဖြစ်သည်။ အသက် (၅၂) အရွယ် အမျိုးသမီးတစ်ဦးသည် တနင်္သာရီတိုင်း မြိတ်ခရိုင် ဘုတ်ပြင်းမြို့နယ်ရှိ ယုဇနဆီအုန်းခြံတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ထောင်ထားသည့်မိုင်းကို နင်းမိပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

မတ်လ (၁၂) ရက်နေ့ နေ့လည်ပိုင်း ခြံတွင်အလုပ်လုပ်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ခြေထောက်ရိုး ကျိုးကြေပဲ့ထွက်သွားကြောင်း ချောင်းမွန်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ ဘုတ်ပြင်းဆေးရုံကြီးသို့ မပို့ဆောင်မီ အဆိုပါအမျိုးသမီးကို အရေးပေါ်ကုသမှုများ ပေးအပ်ခဲ့ရသည်။

ဒေသတွင်း၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲပိုမိုဖြစ်ပွားလာ သည်နှင့်အမျှ စစ်ကောင်စီတပ်က ချန်ထားခဲ့သည့် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းနှင့် မြေမြှုပ်မိုင်းများနှင့် ဝေးဝေးနေရန် တော်လှန်ရေးတပ်ဖွဲ့များက ဒေသခံပြည်သူများကို

သတိပေးထားသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်းတို့တပ်စွဲထားစဉ် အတွင်း ယုဇနဆီအုန်းခြံအနီးတဝိုက်တွင် မြေမြှုပ်မိုင်း အနည်းဆုံး (၁၄) လုံး မြှုပ်နှံထားခဲ့ပြီး ၎င်းနောက် မိုင်းများကို ပြန်လည်ရှင်းလင်းခဲ့ခြင်း မရှိချေ။ ခြံလုပ်သားများ အပါအဝင် ဒေသခံပြည်သူများသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံး နေရသည်။

တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာမှ အသက် (၁၁) နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် မိသားစုဝင် (၃) ဦးသည် နေအိမ်တွင် မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။ မတ်လ (၁၀) ရက်နေ့ မနက် (၆) နာရီတွင် ဖြစ်ပွားခဲ့ပြီး ဒေသအခေါ် "ကစ်ထီး" ဟု ခေါ်သည့် မိုင်းကို ဘက်ထရီနှင့် ချိတ်ဆက်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**"ပေါက်ကွဲတဲ့အချိန်မှာ အိမ်ထဲမှာ လူ (၅) ယောက် ရှိတယ်။ (၄၃) နှစ်အရွယ် အမျိုးသမီးကြီး (၁) ယောက်၊ အသက် (၃၀) အရွယ် အမျိုးသမီး (၁) ယောက်နဲ့ (၁၁) နှစ်အရွယ် ကလေးငယ် (၁) ယောက်တို့ အနည်းငယ် ထိခိုက်သွားတယ်။ တခြားသူတွေတော့ ဘာမှမဖြစ်ဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသအတွင်း မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများ ကျန်ရှိနေသေးသဖြင့် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို အထူးသတိပြုကြရန် လယ်သစ်နှင့် အနီးအနားကျေးရွာ များကို အသိပေးထားသည်။

မိုင်းအသေးစားများကို ပိုမိုပြင်းထန်သည့် ပေါက်ကွဲမှုများကို ဖြစ်ပေါ်စေရန်အတွက် ကြားခံအနေဖြင့် အသုံးပြုလေ့ရှိကြသည်။ ၎င်းမိုင်းများသည် ဘက်ထရီနှင့် ချိတ်ဆက်ရန် လိုအပ်ပြီး အခြားမိုင်းများကမူ မီးတောက်ဖြင့် ပေါက်ကွဲစေသည်။ ပဋိပက္ခဒေသအတွင်းရှိ ဒေသခံပြည်သူများသည် မတော်တဆပေါက်ကွဲမှုများကြောင့် ထိခိုက်သေဆုံးနေရသည်။

## ဒရုန်းဖြင့်တိုက်ခိုက်မှုများ

မြေပြင်တွင် တိုက်ပွဲများ မရှိသော်လည်း စစ်ကောင်စီတပ်က ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာများကို ဒရုန်းဖြင့် ဗုံးသီးချတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရပြီး နေအိမ်များနှင့် ပြည်သူပိုင်အဆောက်အဦးများ ပျက်စီးခဲ့ရသည့်အပြင် လယ်ယာလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများစသည့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ထိခိုက်စေသည်။

မင်းအောင်လှိုင်က ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ပြီးနောက်ပိုင်း စစ်ကောင်စီတပ်က စွမ်းရည်မြင့်ဒရုန်းများကို အသုံးပြုတိုက်ခိုက်လာကြောင်း စစ်ရေးသုံးသပ်သူများက ပြောသည်။

အဓိကတိုက်ခိုက်သူမှာ ကျိုက်ထိုအခြေစိုက် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းနှင့် အမှတ် (၃၁၀) အမြောက်တပ်ရင်းတို့ ဖြစ်သည်။ ၎င်းတပ်ရင်းများသည် တိုက်ခိုက်မှုများကို အမိန့်ပေးရာတွင် အဓိကတာဝန်ရှိသည့် တပ်ရင်းများဖြစ်သည်။ မတ်လ (၁၅) ရက်နေ့အထိ ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာအနည်းဆုံး (၇) ရွာခန့်သည် ဒရုန်းတိုက်ခိုက်မှု (၂) ကြိမ်ထက်မနည်း အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်။

**"အိမ်အလုံး (၂၀) ကျော်လောက် ပျက်စီးသွားတယ်။ လူလည်း အနည်းဆုံး (၁၄) ယောက် ဒဏ်ရာရတယ်။ (၄) ယောက်ကတော့ စိုးရိမ်ရတယ်။ ပျဉ်းကတိုးကုန်း၊ ခရေ၊ စစ်ကွင်း၊ မုက္ခမော့နဲ့ သုံးခွရွာတွေမှာတော့ တိုက်ခိုက်မှုက ပြင်းထန်တယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

တော်လှန်ရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာများတွင် ပုန်းခိုနေသဖြင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း စစ်ကောင်စီက အကြောင်းပြသော်လည်း လက်တွေ့တွင်မူ ဒေသခံပြည်သူများကသာ အကြမ်းဖက်မှုကို ကြုံတွေ့ခံစားနေရသည်။ မိသားစုဝင်အများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ကျန်ရစ်ခဲ့သူများသည်လည်း အကြောက်တရားနှင့် နေထိုင်နေရသည်။

## မတ်လ ၂၀၂၅

ကျိုက်ထိုမြို့နယ်မှ အသက် (၄၅) နှစ်အရွယ် အမျိုးသားတစ်ဦးက “မတ်လ (၁) ရက်နေ့ နေခင်းပိုင်းမှာ ကျွန်တော်တို့အိမ်က ဒရုန်းနဲ့အတိုက်ခံရတယ်။ ကလေး (၃) ယောက်နဲ့ မိန်းမကို လက်ဆွဲပြီး အကုန်လုံး ထွက်ပြေးကြရတယ်။ အကုန်လုံးကို ထားခဲ့ရတယ်။ ခုချိန်ထိ အိမ်မပြန်နိုင်သေးဘူး။ ကလေးတွေလည်း စိတ်ဒဏ်ရာရကုန်တယ်” ဟု ပြောသည်။

စစ်ကွင်းကျေးရွာမှ ရွာသားတစ်ဦးကလည်း “မတ်လပထမအပတ်တစ်ခုတည်းမှာပဲ ကျွန်တော်တို့ ရွာကို စစ်ကောင်စီက အနည်းဆုံး (၈) ကြိမ်လောက် တိုက်ခိုက်ခဲ့တယ်” ဟု ပြောသည်။

မတ်လ (၁၆) ရက်နေ့တွင် စစ်ကောင်စီဒရုန်းတပ်ရင်းက ပျဉ်းကတိုးကုန်းကျေးရွာနှင့် ဧက (၁၀၀) ကျယ်ဝန်းသည့် ကျောက်မိုင်းကို ဗုံးသီး (၆) လုံး ကြဲချတိုက်ခိုက်ပုံကို မုဒုံမော့ရွာသားတစ်ဦးက ပြောပြခဲ့သည်။

“ကျွန်တော်က အဲအနားမှာ ရှိနေတာ။ ဗုံးပေါက်ကွဲလို့ ရွာသား (၇) ယောက် ထိခိုက်သွားတယ်။ တော်လှန်ရေးဘက်က ဆေးမှူးနဲ့ ဆရာဝန်တွေက ဆေးကုပေးလို့ တော်သေးတယ်” ဟု ပြောသည်။

ဒရုန်းတိုက်ခိုက်မှုပြီးနောက် စစ်ကောင်စီက လက်နက်ကြီးတိုက်ခိုက်မှုပါ ထပ်မံလုပ်ဆောင်ခဲ့သည်။ မတ်လ (၁) ရက်နေ့မှစ၍ အမှတ် (၃၁၀) အမြောက်တပ်ရင်းက လက်နက်ကြီးပစ်ခတ်မှု အနည်းဆုံး (၁၀) ကြိမ် ပြုလုပ်ခဲ့သည်။ အမှတ် (၂၀၇) ခြေမြန်တပ်ရင်းကလည်း တိုက်ခိုက်မှု (၈) ကြိမ် ပြုလုပ်ခဲ့သည်။ ကျိုက်ထိုမြို့နယ်တွင် ပျက်စီးမှုအများအပြား ဖြစ်ပွားခဲ့သည်။

မတ်လ (၄) ရက်နှင့် (၆) ရက်နေ့ကြားတွင်လည်း စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်း တိုက်ခိုက်မှုအကူအညီဖြင့် စစ်ကြောင်းထိုးလာသဖြင့် ဒေသခံပြည်သူအများအပြား ထိတ်လန့် ကြောက်ရွံ့ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လယ်ယာနှင့် စိုက်ပျိုးမြေအများအပြား ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့သည်။ ဆင်းရဲကြပ်တည်းနေသည့် ဒေသခံပြည်သူများအတွက် နောက်ထပ်စီးပွားရေးအကြပ်အတည်းတစ်ခု ဖြစ်လာခြင်းဖြစ်သည်။

မတ်လ (၁၂) နှင့် (၁၃) ရက်နေ့များတွင် ကညင်အိုင်၊ ဝါးဒက်ကွင်းနှင့် မုဒုံမော့ကျေးရွာများကို စစ်ကောင်စီက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ရာ တော်လှန်ရေးတပ်ဖွဲ့ဝင် (၂) ဦးနှင့် ဒေသခံပြည်သူ (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မွန်ပြည်နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် အကန့်အသတ်မရှိချေ။ ၂၀၂၅ ဖေဖော်ဝါရီလတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ကျေးရွာ (၂) ရွာနှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ အနန်းကွင်းကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် နေအိမ်အနည်းဆုံး (၂၆) လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၁၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

မွန်နှင့် ကရင်ပြည်နယ်များရှိ ကျေးရွာများကို ရမ်းသမ်းပစ်ခတ်မှုများ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသဖြင့် စစ်ရေးဖော်ဆောင်နေသည်ဟူသော ခေါင်းစဉ်အောက်တွင် ပြည်သူများကို ပစ်မှတ်ထားနေသည်မှာ ရှင်းလင်းလှသည်။ အကျိုးဆက်အားဖြင့် မိသားစုဝင်များ တကွဲတပြားဖြစ်ခဲ့ရပြီး သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရသည်။ ဒေသခံပြည်သူအားလုံး လည်း ထွက်ပြေးတိမ်းရှောင်နေရသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ မတ်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၂၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၀၇) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၂၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၄၄) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၅ မတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

မတ်လ ၂၀၂၅




3+

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

**10+**

## ၂၀၂၅ မတ်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 6 | 2 | 2 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

**၁၅၈,၀၀၀ +**

**စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 7+ | 3+ | 38+ |
|---|---|---|
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနပျောက် လိုက်သည့် ပြည်သူများဦးရေ |

## 109+

မွန်နှင့်တနင်္သာရီဒေသတွင် အတင်းအဓမ္မငွေကြေးပေးဆောင်ရမှု (၁၀၉) ကျော် ဖြစ်ပွားခဲ့သည်။

## 270 +

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု တို့ကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်



## 70 +

ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတောင်ပိုင်းတို့တွင် စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

## 90+

စစ်ကောင်စီတပ်များက သန်းခေါင်စာရင်းကောက်ခံစဉ်နှင့် စစ်ကြောင်းထိုးစဉ်အတွင်း ဒေသခံပြည်သူများပိုင်ဆိုင်သည့် မော်တော်ယာဉ်အစီး (၆၅) ကျော်ကို အသုံးပြုစေခိုင်းခဲ့သည်။

## 280 +

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်းများက ကျူးလွန်ခဲ့သည့် အဓမ္မငွေကြေးတောင်းခံမှုနှင့် အိုးအိမ်စည်းစိမ်လုယက်ဖျက်ဆီးမှု

## ကရင်ပြည်နယ်

- IDP ၅၅,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၄၃ ဦးခန့်
- သေဆုံးသူ ၉ ဦးခန့်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

စစ်ကောင်စီ၏ ဖျက်အားပြင်းလေကြောင်းတိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၅) ထိန်းချုပ်နယ်မြေ ဖာပွန်ခရိုင် ကမမောင်းမြို့နယ်ခွဲရှိ ကျောက်ကွင်း ဘုန်းတော်ကြီးကျောင်း ထိခိုက်ပျက်စီးခဲ့ပြီး ဆရာတော် (၁) ပါး ပျံလွန်တော်မူခဲ့သည်။

မတ်လ (၅) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး တိုက်လေယာဉ်က ဘုန်းတော်ကြီးကျောင်းအပေါ်ကို ဗုံးများကြဲချခဲ့သဖြင့် အဆောက်အဦးပျက်စီးခဲ့သည်။ သက်တော် (၆၂) ဝါတော် (၄၁) ဝါရှိကျောင်းထိုင်ဆရာတော်သည် ပွဲချင်းပြီးပျံလွန်တော်မူခဲ့ရသည်။ ဆရာတော်၏ ခန္ဓာကိုယ်အနှံ့အပြားတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း မျက်မြင်အမျိုးသမီး တစ်ဦးက ပြောသည်။

၎င်းပြင် ဦးပဉ္စင်း (၁) ပါးနှင့် ကိုရင် (၁) ပါးလည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ သံဃာတော်များကို ကမမောင်းမြို့မှတဆင့် ဘားအံပြည်သူ့ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရသည်။ ကျောက်ကွင်း ကျေးရွာသည် ကမမောင်းမြို့မှ (၉) မိုင်ခန့် ကွာဝေးပြီး တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည့် ကျေးရွာ ဖြစ်သည်။

တပ်မဟာ (၅) ထိန်းချုပ်နယ်မြေကို စစ်ကောင်စီက ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေပြီး ကျောက်ကွင်းကျေးရွာသည် အဓိကပစ်မှတ်တစ်ခု ဖြစ်သည်။

ဖေဖော်ဝါရီလ တတိယအပတ်မှစ၍ ကမမောင်းမြို့အနီးတဝိုက်ရှိ ကျေးရွာများသည် ဗုံးကြဲခြင်းနှင့် လက်နက်ကြီးပစ်ခတ်ခြင်းတို့ကို အကြိမ်ကြိမ်ခံစားခဲ့ရသည်။ ဘာသာရေးအဆောက်အဦးများနှင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။ တိုက်ခိုက်မှုများ ခပ်စိတ်စိတ်ဖြစ်ပွားလာသဖြင့် အနည်းဆုံးကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူများသည်လည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အများစုသည် ကမမောင်းမြို့အနီးရှိ မြိုင်ကြီးငူစခန်းတွင် ခိုလှုံနေကြသည်။

ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုများက ပြည်သူများ၏ အသက်များကို နှုတ်ယူသွားသည် သာမက ဒေသခံများ၏ဘဝကိုလည်း ဖျက်ဆီးခဲ့သည်။ ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပြီး နောက်ထပ်ဖြစ်လာမည့် တိုက်ခိုက်မှုများကို ကြောက်ရွံ့ထိတ်လန့်နေကြသည်။

အခြားဖြစ်စဉ်တစ်ခုတွင် ကရင်ပြည်နယ်ရှိ ငြိမ်းချမ်းသည့်ကျေးရွာတစ်ရွာကို တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ တိုက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ (၂) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိတ်လန့်တုန်လှုပ်ခဲ့ရပြီး စစ်ကောင်စီက လူနေကျေးရွာများကို ချွင်းချက်မထားဘဲ ပစ်မှတ်ထားတိုက်ခိုက်နေခြင်းကို မေးခွန်းထုတ်နေ ကြသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တစ်ခု၏ မတ်လ (၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ မတ်လ (၁၉) ရက်နေ့ နံနက် (၁၁) နာရီအချိန်တွင် စစ်ကောင်စီက ကော့ကရိတ်မြို့နယ် တဘာလုခိုခီကျေးရွာကို ဗုံးကြဲချတိုက်ခိုက်ခဲ့သည်။

အဆိုပါကျေးရွာသည် ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေ ဖြစ်ပြီး လေကြောင်း တိုက်ခိုက်မှု

ပြုလုပ်ချိန်တွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်း မရှိချေ။

နေပြည်တော်လေတပ်မှ Yak-130 တိုက်လေယာဉ်၏ ဗုံးကြဲမှုကြောင့် အသက် (၃၆) နှင့် (၃၀) အရွယ် ဒေသခံ အမျိုးသား (၂) ဦး ထိခိုက်သေဆုံးခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် အသက်သေဆုံးစေသည့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသည့် အသက်ဆုံးရှုံးမှုများ သာမက နေအိမ် (၁) လုံးနှင့် ဂိုဒေါင် (၁) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။

**"ဒီမှာ တိုက်ပွဲမရှိပါဘူး။ ကျွန်တော်တို့က ဒီအတိုင်းပဲ နေ,နေကြတာ။ ခုတော့ လူ (၂) ယောက် အသက်ဆုံးသွားပြီ။ မိသားစုတွေကတော့ ကြေကွဲနေကြတာပေါ့"** ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် ဒေသခံပြည်သူများအကြား အကြောက်တရားရိုက်သွင်းသည့် စစ်ကောင်စီ၏ဗျူဟာတစ်ရပ် ဖြစ်ကြောင်း ဒေသခံများနှင့် တော်လှန်ရေးရဲဘော်များက ယုံကြည်ကြသည်။ ကော့ကရိတ်မြို့တွင် တော်လှန်ရေးအင်အားစုများက စစ်ကောင်စီ ပြန်လည်တိုက်ထုတ်နေသဖြင့် စစ်ကောင်စီက အနီးအနားကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှု အပြင်းအထန်လုပ်ဆောင်နေသည်။ တိုက်ပွဲမရှိသည့်အချိန် တွင်ပင် တိုက်ခိုက်မှုများက မရပ်ချေ။

**"အရင်ကတော့ မြို့နားနေရာတွေကိုပဲ တိုက်တာ။ ခုတော့ အဝေးကြီးကရွာတွေကိုလည်း အကြောင်းပြချက်မရှိ သတိပေးတာမရှိဘဲ ဗုံးကြဲတာပဲ"** ဟု ဒေသတွင်းရှိ တော်လှန်ရေးရဲဘော်တစ်ဦးက ပြောသည်။

**"စစ်ကောင်စီက အောင်ဇေယျစစ်ကြောင်းကို စစ်ကြောင်း (၄) ကြောင်းနဲ့ ထိုးနေတာ။ ထိုးစစ်လမ်းကြောင်းကို ခန့်မှန်းလို့ မရဘူး။ နောက်တစ်ခါ ဘယ်နေရာကို တိုက်ခိုက်မယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး"** ဟု ၎င်းက ဆက်ပြောသည်။

ယခုတိုက်ခိုက်မှုဖြစ်ပွားချိန်တွင်လည်း အနီးအနားဝန်းကျင်တွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိချေ။ အရပ်သားထိခိုက်မှုနှင့် အရေးပါသည့်အခြေခံအဆောက်အဦးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် အသက် (၁၁) နှစ်နှင့် (၆) နှစ်အရွယ် ကလေးငယ် (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ပစ်ခတ်မှုသည် မတ်လ (၂၃) ရက်နေ့ ညနေ (၄) နာရီခွဲအချိန်တွင် ဖြစ်ပွားခဲ့ပြီး လက်နက်ကြီးကျည်သည် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ ဦးအောင်မျိုးမင်း၏နေအိမ်ပေါ်သို့ တိုက်ရိုက်ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၁၁) နှစ်အရွယ် တတိယတန်းကျောင်းသား မောင်စိုင်းဝေယံမျိုးနှင့် အသက် (၆) နှစ်အရွယ် မူကြိုကျောင်းသူ မလင်းလဲ့နေခြည်တို့သည် ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။

**"ကလေး (၂) ယောက်က ဒဏ်ရာအတော်လေး ပြင်းတယ်။ အသက်အန္တရာယ်မစိုးရိမ်ရတာပဲ ကံကောင်းတယ်။ လက်နက်ကြီးက မြို့ပြင်ကနေ ပစ်တာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကလေးငယ် (၂) ဦးကို ကနဦးတွင် ကော့ကရိတ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ပိုမိုထိရောက်သည့် ကုသမှုကို ပေးနိုင်ရန်အတွက် ဘားအံမြို့နယ် တောင်ကလေးဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။

မတ်လ (၉) ရက်နေ့တွင်လည်း ကော့ကရိတ်မြို့တွင် ပြင်းထန်သည့်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ မနက် (၅) နာရီခွဲနှင့် (၈) နာရီ မိနစ် (၂၀) ကြားတွင် မွန်ပြည်လွတ်မြောက်ရေးတပ်မတော်က စစ်ကောင်စီ၏ တံတားဖွင့်ပွဲကို ဒရုန်းဖြင့် ဗုံးသီး (၃) လုံး ကြဲချခဲ့သည်။ အဆိုပါတပ်မတော်၏ မတ်လ (၁၀) ရက်နေ့ ထုတ်ပြန်ချက်အရ မြဝတီ - ဘားအံလမ်းမပေါ်တွင် ဖြစ်ပွားခဲ့သည့် ဒရုန်းတိုက်ခိုက်မှုတွင် အရပ်သား (၃) ဦး သေဆုံးပြီး (၅) ဦး အနည်းဆုံး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

## မွန်ပြည်နယ်

- IDP ၃၆,၀၀၀ + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၃၆ ဦးခန့်
- သေဆုံးသူ ၁၁ ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ရေးမြို့နယ် မော့ကနင်ကျေးရွာမှ အဖေနှင့် သမီးဖြစ်သူတို့ကို စစ်ကောင်စီလက်အောက်ခံ အမှတ် (၁၀၆) ခြေမြန်တပ်ရင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် မိသားစုဝင်များနှင့် (၂) လကြာ အဆက်အသွယ်ပြတ်တောက်နေသည်။ သမီးဖြစ်သူကို ပြန်လည်လွှတ်ပေးခဲ့သော်လည်း အဖေဖြစ်သူကိုမူ ဆက်လက်ဖမ်းဆီးထားပြီး ပြန်လွှတ်ပေးမည့် အရိပ်မယောင်မပြချေ။

၂၀၂၄ ဒီဇင်ဘာလ (၁၃) ရက်နေ့ ညနေ (၅) နာရီတွင် အသက် (၅၄) နှစ်အရွယ် ကိုစိုးနှင့် ဇနီးဖြစ်သူ မိဝုတို့ကို စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့သည်။ ၎င်းနောက် နောက်တစ်နေ့ဖြစ်သည့် ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် အသက် (၂၃) နှစ်အရွယ် သမီးဖြစ်သူ မသင်းသင်းစိုးကို နေအိမ်တွင် ထပ်မံဖမ်းဆီးခဲ့သည်။

ဖမ်းဆီးပြီး (၂) ပတ်အကြာတွင် မိဝုကို ပြန်လည်လွှတ်ပေးခဲ့သည်။ သမီးဖြစ်သူ မသင်းသင်းစိုးကို ၂၀၂၅ ဖေဖော်ဝါရီလတွင် ပြန်လည်မလွှတ်ပေးမီ (၂) လကြာ ထိန်းသိမ်းထားခဲ့သည်။

စစ်ကောင်စီနှင့်နီးစပ်သည့် သတင်းရင်းမြစ်က ကိုစိုးနှင့် မိသားစုဝင်များကို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ကို ထောက်ပံ့သည်ဟု စွပ်စွဲထားသည်။ ၎င်းတို့နေအိမ်ကို စစ်ကောင်စီတပ်သားများက ဝင်ရောက်စီးနင်းပြီး ပိုက်စိတ်တိုက် ရှာဖွေကာ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

ကိုစိုးကို မော်လမြိုင်ရှိ စစ်စခန်းတစ်ခုတွင် ထိန်းသိမ်းထားသော်လည်း နောက်ပိုင်းတွင် ကျိုက်မရောအကျဉ်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

အဖေနှင့် သမီးဖြစ်သူ (၂) ဦးစလုံးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) ဖြင့် တရားစွဲဆိုရန် စစ်ကောင်စီက ပြင်ဆင်ထားခဲ့သည်။

ကိုစိုးနှင့် မိသားစုဝင်များသည် နိုင်ငံရေးနှင့်ပတ်သက်မှုမရှိကြောင်း မော့ကနင်ရွာခံများက ပြောသည်။ ၎င်းတို့သည် သာမန်ပြည်သူများ ဖြစ်ပြီး ကွမ်းသီးနှင့် ရာဘာရောင်းဝယ်ခြင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းတို့ဖြင့် အသက်မွေးနေသူများ ဖြစ်သည်။

စစ်ကောင်စီက အရပ်သားများကို ဖမ်းဆီးမှုသည် ပြီးခဲ့သည့်လများအတွင်း သိသိသာသာ များပြားလာသည်။ ဖေဖော်ဝါရီလတစ်လတည်းတွင်ပင် ဒေသခံပြည်သူအယောက် (၂၀) ကျော် ဖမ်းဆီးခံထားရသည်။ ၂၀၂၅ ဇန်နဝါရီလတွင်လည်း ဒေသခံ (၅၀) ကျော်ကို စစ်ကောင်စီက ထိန်းသိမ်းခဲ့သည်။

၂၀၂၄ ဒီဇင်ဘာလတွင် ရေးမြို့နယ်ရှိ စစ်ကောင်စီတပ်သားများက ဒေသခံပြည်သူ (၁၇) ဦးကို ဖမ်းဆီးခဲ့ပြီး နောက်ပိုင်းတွင် (၁၁) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။

၎င်းပြင် ရေး၊ ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံနှင့် သံဖြူဇရပ်မြို့နယ်များမှ ဒေသခံပြည်သူ အယောက် (၄၀) ကျော်ကို တော်လှန်ရေးအင်အားစုများနှင့် ဆက်နွယ်သည်ဟုဆိုကာ ဖမ်းဆီးထိန်းသိမ်း ထားသည်။ ၎င်းတို့အနက် တချို့ကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ထားသည်။

နောက်ထပ်သီးခြားဖြစ်စဉ်တစ်ခုတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးလေးနှင့် ပိုင်ထားဝယ် ကျေးရွာများကို စစ်ကောင်စီတပ်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဒေသခံပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မတ်လ (၁၀) ရက်နေ့ နေ့ခင်း (၂) နာရီတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကျေးရွာ (၂) ရွာကို ဆက်သွယ်ထားသည့် ကရင်အမျိုးသား အစည်းအရုံး၏ စစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ဗုံးသီးတစ်လုံးသည် ရွာလမ်းဆုံအနီးတွင် ကျရောက် ပေါက်ကွဲခဲ့ပြီး ရွာသား (၂) ဦး ဒဏ်ရာရခဲ့သည်။

အလှူလေးရွာသားများဖြစ်ကြသည့် အသက် (၆၀) အရွယ် ဦးသန်းလှိုင်နှင့် အသက် (၅၁) နှစ်အရွယ် ဦးဇော်ထွန်းတို့သည် လယ်ကွင်းမှ နေအိမ်သို့ ပြန်လာစဉ် ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရခဲ့သည်။

**“ဦးသန်းလှိုင်က ဒဏ်ရာပြင်းပြီး စိုးရိမ်ရတယ်။ သူ့ကို ရွာသားတွေရဲ့ အကူအညီနဲ့ ဘီးလင်းမြို့နယ်ဆေးရုံကို အရေးပေါ်လွှဲပေးလိုက်ရတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၅ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ဘီးလင်းမြို့နယ်တွင် စစ်ကောင်စီက လေကြောင်း တိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို နေ့စဉ်ရက်ဆက် ပိုမိုလုပ်ဆောင်လာသည်။

စစ်ကောင်စီက ထောက်ပို့လမ်းကြောင်းများကို ဖြတ်တောက်ပြီး စားနပ်ရိက္ခာနှင့် အခြေခံပစ္စည်းများကို ပိတ်ပင်ရန် ရည်ရွယ်ထားပြီး လူနေကျေးရွာများကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်နေသည်။

တစ်ချိန်တည်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် တပ်မဟာ (၁) နှင့် တပ်မဟာ (၅) တို့က မဟာမိတ်အင်အားစုများနှင့်အတူ မဲပလီအခြေစိုက် အမှတ် (၈) စစ်ဗျူဟာစခန်းကို (၄) ပတ်ကြာနီးပါး တိုက်ခိုက်နေသည်။

ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင်လည်း ဘီးလင်းမြို့နယ် ပြင်သာကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ သားအမိ (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

တိုက်ခိုက်မှုများ ခပ်စိတ်စိတ်ဖြစ်ပွားလာသဖြင့် ဒေသခံပြည်သူများအကြား အကြောက်တရားများ ပျံ့နှံ့နေပြီး အများစုသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ပဋိပက္ခများ ပိုမိုပြင်းထန်လာသည့်အမျှ ဘီးလင်းမြို့နယ်ရှိ ဒေသခံပြည်သူများသည် လုံခြုံမှု မရှိတော့ချေ။ စစ်ကောင်စီကမူ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကို လျှော့ချမည့် အရိပ်အယောင် မပြချေ။

မတ်လ (၂၁) ရက်နေ့ မနက် (၉) နာရီခွဲအချိန်တွင် ပဲခူးတိုင်း ဝေါမြို့နယ် လက်ပန်ကျေးရွာမှ ပျူစောထီးတစ်ဦးဖြစ်သူ အောင်ကြီး၏နေအိမ်မှ လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

လက်နက်ကြီးကျည်သည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရေကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၏ မြောက်ဘက်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဆွမ်းစားဆောင်နှင့် ဘုရားခန်းတို့ ထိခိုက်ပျက်စီး ခဲ့သည်။

သံဃာတော် (၁) ပါး ပျံလွန်တော်မူခဲ့ရပြီး (၂) ပါး ထိခိုက်ဒဏ်ရာ ပြင်းထန်ခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းလည်း အများအပြားပျက်စီးခဲ့ပြီး အနီးအနားဝန်းကျင်ရှိ မိသားစု (၃၀) နီးပါးသည်လည်း ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရက်စက်ပြီး အဆင်ခြင်မဲ့သည့် တိုက်ခိုက်မှုကြောင့် သံဃာတော်များနှင့် ပြည်သူများ အလှူအတန်းပြုလုပ်ရာ နေရာဖြစ်သည့် ဘာသာရေးနေရာများသည်လည်း ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုစစ်စစ် ဖြစ်ပြီး ငြင်းမရနိုင်သည့် စစ်ရာဇဝတ်မှုလည်း ဖြစ်သည်။

စစ်ကောင်စီနှင့် ၎င်းတို့၏လက်ဝေခံ ပြည်သူ့စစ်အဖွဲ့ဝင်များကမူ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည်။ နယ်မြေစိုးမိုးနိုင်ရန်အတွက် ဘာသာရေးအသိုက်အဝန်းကိုပင် တိုက်ခိုက်နေကြသည်။

စစ်ကောင်စီနှင့် ၎င်းတို့၏ဌာနဆိုင်ရာများက PSMS စောင့်ကြည့်စနစ်များကို အသုံးပြုပြီး မော်လမြိုင်မြို့ဝင်မြို့ထွက်နေရာများတွင် ပြည်သူများကို စစ်ဆေးဖမ်းဆီးနေသဖြင့် စိုးရိမ်မှုများ မြင့်တက်လာနေသည်။

မတ်လ (၁၅) ရက်နေ့တွင် လူငယ်တစ်ဦးကို စက်မှုဇုန်အနီးရှိ အတ္တရံတံတားစစ်ဆေးရေးဂိတ်တွင် အဆိုပါ PSMS စနစ်ဖြင့် စစ်ဆေးပြီးနောက် ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီထိန်းချုပ်သည့် သတင်းဌာနများနှင့် စစ်အစိုးရနှင့်နီးစပ်သူများက အဆိုပါ

ဖမ်းဆီးမှုကို အတည်ပြုခဲ့ကြသည်။

မြတ်မန္တလာမင်းခရီးသည်တင်ယာဉ်ဖြင့် ဘားအံမှ မော်လမြိုင်သို့ ခရီးသွားနေသူများကို Tablet ကို အသုံးပြုပြီး PSMS စနစ်ဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးနေစဉ်အတွင်း မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်မှ အသက် (၃၃) နှစ်အရွယ် စွမ်းပြည့်စုံကို ဖမ်းဆီးခဲ့သည်။

**"သူတို့က Tablet တစ်လုံးနဲ့ PSMS စနစ်ကို သုံးပြီး သူ့ကို စစ်တာ။ အဲ့စနစ်က ပုဂ္ဂိုလ်ရေးအချက်အလက် အသေးစိတ်တွေကို ပြတယ်။ ဓာတ်ပုံတွေလည်း ပါတယ်"** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

စွမ်းပြည့်စုံသည် မော်လမြိုင်တွင် ပြစ်မှုမှတ်တမ်း မရှိသော်လည်း သူ့ကို မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရဲစခန်းက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)ဖြင့် အမှုဖွင့်ထားကြောင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြောသည်။

၎င်းကို စက်မှုဇုန်ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။

စစ်ကောင်စီက ၂၀၂၂ မေလ (၂၂) ရက်နေ့တွင်စတင်ခဲ့သည့် အမျိုးသားအချက်အလက်ထိန်းသိမ်းရေးစနစ် (National Database System) ကို အသုံးပြုပြီး စောင့်ကြည့်မှုများကို ပိုမိုလုပ်ဆောင်နေသည်။ အဆိုပါစနစ်ကို ၂၀၂၃ ဩဂုတ်လ (၁၉) ရက်နေ့မှစ၍ တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည်။ အဆိုပါစနစ်တွင် စစ်ကောင်စီက ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာ အချက်အလက်များကို စုဆောင်းထားပြီး စောင့်ကြည့်စစ်ဆေးမှုများတွင် ပြန်လည်အသုံးချနေခြင်း ဖြစ်သည်။

အဆိုပါစနစ်သည် လူပုဂ္ဂိုလ်များကို စစ်ဆေးရာတွင် အဆင့် (၅) ဆင့်ဖြင့် အတည်ပြုစစ်ဆေးသည်။

စစ်ကောင်စီက digital အချက်အလက်များကို အသုံးပြုကာ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားလာသူ ပြည်သူများကို နောက်ဆုံးပေါ်နည်းစနစ်ဖြင့် ဖမ်းဆီးမှုများ လုပ်ဆောင်လာခြင်းကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လာနေသည်။

## တနင်္သာရီ တိုင်းဒေသကြီး

- IDP ၆၇,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၄၆ ဦးခန့်
- သေဆုံးသူ ၂၂ ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

တနင်္သာရီတိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ၊ နေအိမ်မီးရှို့မှုများနှင့် အသက်သေဆုံးမှုရှိသည့် မတရားဖမ်းဆီးများစသည့် အကြမ်းဖက်မှုများ ပိုမိုဆိုးရွားစွာ ဖြစ်ပွားနေသည်။ ဒေသခံ ပြည်သူများသည် အဆိုပါဆိုးရွားပြင်းထန်သည့် အခြေအနေအောက်တွင် အသက်ရှင်သန်ရန် ရုန်းကန်နေရသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သိရှိထားသည်။

မြိတ်မြို့နယ်မှ အသက် (၄၄) နှစ်အရွယ် ဦးရမ္မဇန်ခန်သည် မြိတ်ခရိုင် တနင်္သာရီမြို့နယ် ရေဖြူကျေးရွာတွင် စစ်ကောင်စီတပ်သားများ၏ ပစ်ခတ်ခြင်းကို ခံရပြီး (၄) ရက်မြောက်နေ့တွင် အဆိုပါဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

မတ်လ (၁၁) ရက်နေ့ နံနက်ပိုင်းတွင် ဦးရမ္မဇန်ခန်နှင့် သားဖြစ်သူသည် ဆိတ်ဝယ်ရန် မော်တော်ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ရာ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ အမှတ် (၃) စစ်ဗျူဟာစခန်းမှ ကင်းပုန်းဝပ်နေသည့် စစ်ကောင်စီတပ်သားများ၏ ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ ရေဖြူကျေးရွာ တနင်္သာရီ - ဘုတ်ပြင်းပြည်ထောင်စုလမ်းမပေါ်တွင် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

“သူတို့က ဆိတ်သွားဝယ်တာ။ ရေဖြူလမ်းဆုံနားမှာ အပစ်ခံရတယ်။ သားကတော့ ဘာမှမဖြစ်ဘူး။ နောက်မှာထိုင်နေတဲ့အဖေက ကျည် (၂) ချက် မှန်သွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ဦးရမ္မဇန်ခန်သည် လက်မောင်းနှင့် ဝမ်းဗိုက်တို့တွင် ကျည်ထိမှန်ခဲ့သည်။ ၎င်းကို မတ်လ (၁၂) ရက်နေ့တွင် တနင်္သာရီမြို့ပြည်သူ့ဆေးရုံသို့ မပို့ဆောင်မီ အရေးပေါ်ကုသမှုများ ပေးအပ်ခဲ့သည်။ အဆိုပါညတွင်ပင် ၎င်းကို မြိတ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။ ဆေးကုသပေးနေစဉ် မတ်လ (၁၄) ရက်နေ့ ညနေတွင် ကွယ်လွန်သွားခဲ့သည်။ မိသားစုဝင်များနှင့် သူငယ်ချင်းမိတ်ဆွေများက ၎င်း၏အသုဘအခမ်းအနားကို မတ်လ (၁၅) ရက်နေ့တွင် အစ္စလမ်ဘာသာဝင်တို့၏ထုံးစံအတိုင်း ကျင်းပပေးခဲ့သည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ထားဝယ်အထူးစီးပွားရေးဇုန်ကို စစ်ကြောင်းပြန်လည်ထိုးလာသဖြင့် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ်မှ ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရသည်။

မတ်လ (၁၃) ရက်နေ့ နံနက် (၇) နာရီတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက စစ်ကောင်စီ၏ စစ်စခန်း (၂) ခုဖြစ်သည့် လောင်းလုံးမြို့နယ်မောင်းမကန်ရဲစခန်းနှင့် လောင်းလုံးနှင့် စမ်းလှမ်းကျေးရွာကြားရှိ လက်ခတ်တောင်စစ်စခန်းတို့ကို ပူးပေါင်း တိုက်ခိုက်ခဲ့ရာ တိုက်ပွဲပြင်းထန် ခဲ့သည်။

မောင်းမကန်ရဲစခန်းရှိ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ထားဝယ်အထူးစီးပွားရေးဇုန်သို့ စစ်ကြောင်းထိုးဝင်ရောက်လာပြီး မူဒူကျေးရွာသို့ ရောက်ရှိလာသည်။ ရွာသား (၈) ဦး ကို ဖမ်းဆီးပြီးနောက် စစ်ဆေးမေးမြန်းကာ ပြန်လည်လွှတ်ပေးခဲ့သည်။

“ကျွန်တော်တို့မှာ ဘာမှလုပ်လို့မရဘူး၊ ပြေးရုံပဲ ရှိတယ်။ တိုက်ပွဲကြားမှာ မပိတ်မိဖို့ ကြိုတင်ပြေးနေရတယ်” ဟု မိသားစုနှင့်အတူ စစ်ရှောင်နေသည့် ဒေသခံတစ်ဦးက ပြောသည်။

မတ်လ (၂၀) ရက်နေ့တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး နောက်ထပ်ဒေသခံပြည် သူများ ထပ်မံ ထွက်ပြေးရပြန်သည်။ အင်အား (၁၀၀) ကျော်ရှိသည့် စစ်ကောင်စီ စစ်ကြောင်းက ထားဝယ်ရေနက်ဆိပ်ကမ်းမှ ပရာဒက်ကျေးရွာသို့ စစ်ကြောင်းထိုးလာ သည်။

အရှေ့မောင်းမကန်တွင် တပ်စွဲထားသည့် အမှတ် (၁၀၄) ခြေမြန်တပ်ရင်းနှင့် ထားဝယ် အထူးစီးပွားရေးဇုန်ရှိ စစ်ကောင်စီတပ်သားများ ပူးပေါင်းပြီး စစ်ကြောင်း ထိုးလာခြင်း ဖြစ်သည်။ သို့သော် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ထိတွေ့ မှုဖြစ်ပွားခဲ့ခြင်း မရှိချေ။

ထားဝယ်အထူးစီးပွားရေးဇုန်ကို ပြန်လည်စတင်ရန် ရုရှားအစိုးရနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက်ပိုင်း စစ်ကောင်စီက အဆိုပါဒေသတဝိုက် ကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးစားလာကြောင်း ဒေသတွင်းအကဲခတ်များက ပြောသည်။ စစ်ကောင်စီ၏ တနင်္သာရီတိုင်း ဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေး ဇုန် ပြန်လည်စတင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ထားရန် မှာကြားပြီး (၁) ရက်အကြာတွင် စစ်ကောင်စီတပ်များက အဆိုပါဒေသတွင် အင်အား ဖြည့်တင်းခြင်းနှင့် နယ်မြေရှင်းလင်းခြင်းများ လုပ်ဆောင်လာသည်။ စီးပွားရေးဇုန် ကို စစ်အင်အားဖြည့်တင်းလာခြင်းကြောင့် စစ်ဒဏ်ခံနေရသည့် ဒေသခံ ပြည်သူများ အကြား အကြောက်တရားနှင့် မတည်ငြိမ်မှုများ ကြီးထွားလာနေသည်။

အဆိုပါအခြေအနေတွင် စစ်ကောင်စီ၏ အတင်းအကြပ်စစ်မှုထမ်းခိုင်းခြင်းပြဿနာ ကလည်း စိုးရိမ်ဖွယ်ဖြစ်လာသည်။ ထားဝယ်မြို့အဝင်အထွက်ရှိ စစ်ဆေးရေးဂိတ် များကို ဖြတ်သန်းသွားလာ သည့် လူငယ်လူရွယ်များကို စစ်ကောင်စီက ဖမ်းဆီး ပြီး စစ်သားစုဆောင်းရေးစခန်းများသို့ ပို့ဆောင်နေသည်။ မတ်လ (၄) ရက်နေ့တွင် သရက်ချောင်းမြို့နယ် ရင်ငဲကျေးရွာမှ အသက် (၂၈) နှစ်အရွယ် စစ်ရှောင်အမျိုးသား

တစ်ဦးကို စစ်ကောင်စီတပ်က ထားဝယ်မြို့အဝင် ပြောတော်ဝ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့သည်။ ၎င်းကို ထားဝယ်စစ်သားစုဆောင်းရေးစခန်းသို့ ချက်ချင်းခေါ်ဆောင်သွားပြီး အတင်းအကြပ်စစ်မှုထမ်းစေ ခဲ့သည်။

"ကျွန်တော်တို့ကို စစ်သားစုဆောင်းရေးတပ်ထဲကို ခေါ်သွားတာ။ ကျွန်တော်တို့က အုပ်ချုပ်ရေးမှူးတွေကို ဆက်သွယ်တော့ ပြန်လွှတ်ပေးဖို့ သူတို့က ဘာမှလုပ်မပေးနိုင်ဘူးတဲ့" ဟု ဖမ်းဆီးခံရသူ၏ မိသားစုဝင်တစ်ဦးက ပြောသည်။

တစ်ရက်တည်းတွင်ပင် မောင်းမကန်မှ လူငယ် (၄) ဦးသည် ငါးဖမ်းရာမှ ပြန်လာစဉ် ကမြောကင်းတံတား စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံလိုက်ရသည်။ မိသားစုဝင်များက အကျိုးအကြောင်း သွားရောက်မေးမြန်းရာ ဂိတ်ရှိစစ်သားများက မည်သူ့ကိုမျှ ဖမ်းဆီး ထိန်းသိမ်းခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။

ဖမ်းဆီးထားသည့်လူငယ်များကို တိုက်ခိုက်ရေးနှင့် စစ်သားစုဆောင်းရေးကို အဓိကလုပ်ဆောင် သည့် မြိတ်မြို့နယ် ရွှေဒူးကျေးရွာရှိ စစ်သင်တန်းကျောင်းသို့ ကနဦးပို့ဆောင်ခဲ့သည်။ မတ်လ (၁၅) ရက်နေ့တွင်မူ ပလောက်မြို့ရှိ အမှတ် (၁၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ခဲ့သည်။

မတ်လ (၁၇) ရက်နေ့တွင် တစ်နိုင်ငံမှ မတရားစုဆောင်းထားသည့် စစ်မှုထမ်း သင်တန်းသား များဖြင့် အပတ်စဉ် (၁၁) စစ်မှုထမ်းသင်တန်းကို စစ်ကောင်စီက စတင်ဖွင့်လှစ်ခဲ့သည်။ စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးမှုအပြင် စစ်ကောင်စီက ဒစ်ဂျစ်တယ်အချက်အလက်များကို အသုံးပြုပြီး လူငယ်များကို ရှောင်တခင်ဖမ်းဆီးမှုများ လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူများ ကြောက်ရွံ့နေကြသည်။

နောက်ဆက်တွဲအနေဖြင့် စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သည့် လူငယ်လူရွယ်များက မတရားစစ်မှုထမ်းခြင်းကို ရှောင်လွှဲရန်အတွက် နိုင်ငံကို စွန့်ခွာသွားကြသည်။ မူးယစ်ဆေးဝါးအမှုဖြင့် ထောင်ဒဏ်ချမှတ်ထားသူများကိုလည်း စစ်မှုထမ်းရန် သဘောတူညီပါက ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများ ပြုလုပ်နေသည်။ စစ်မှုထမ်းသင်တန်းသားရရှိရန်အတွက် စစ်ကောင်စီက နည်းလမ်းအားလုံးကို အသုံးပြုပြီး အပူတပြင်းလုပ်ဆောင်နေသည်။

ရေဖြူမြို့နယ် ညင်းထွေးနှင့် ကျောက်ကညာကျေးရွာများအနီးတွင် စစ်ကောင်စီတပ်နှင့် ဒေသခံတော်လှန်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားသဖြင့် ဒေသခံအမျိုးသား (၁) ဦး သေဆုံးပြီး ရာနှင့်ချီသော ရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မတ်လ (၂၄) ရက်နေ့ မနက် (၁၀) နာရီတွင် ညင်းထွေးကျေးရွာမှ အသက် (၄၀) အရွယ် ကိုငယ်သားသည် ကျောက်ကညာအခြေစိုက် အမှတ် (၃၀၄) အမြောက်တပ်

ရင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် သေဆုံးခဲ့ရသည်။ လက်နက်ကြီး ကျည်သည် ၎င်း၏နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့သည်ဟု ဒေသခံများက ပြောဆိုနေကြပြီး ကိုငယ်သားသည် ဥယျာဉ်ခြံမှ နေအိမ်သို့ပြန်လာစဉ် အိမ်အပြင်ဘက်တွက် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။ လက်နက်ကြီးစ များသည် ၎င်း၏ရင်ဘတ်ကို ဖောက်ဝင်သွားခဲ့ပြီး ပွဲချင်းပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

"သူက ခြံကနေ ပြန်ရောက်ခါစပဲ ရှိသေးတယ်။ လက်နက်ကြီးက သူ့အိမ်ရှေ့ကျလာတာ။ ရင်ဘတ်ကို ထိပြီး ပွဲချင်းပြီးသေသွားတယ်" ဟု ဖြစ်စဉ်ကိုသိရှိသူ ညင်းထွေး ရွာခံတစ်ဦးက ပြောသည်။

ဒေသခံတော်လှန်ရေးတပ်ဖွဲ့က စစ်ကောင်စီတပ်ဖွဲ့ကို ခြုံခိုတိုက်ခိုက်ခဲ့သဖြင့် မနက် (၉) နာရီခန့်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်နေစဉ်အတွင်း စစ်ကောင်စီ၏ တိုက်လေယာဉ်များက ညင်းထွေးနှင့် ကျောက်ကညာကျေးရွာများအပေါ်တွင် ပျံဝဲနေသဖြင့် ဒေသခံပြည်သူများသည် ဗုံးကြဲတိုက်ခိုက်ခံရမည်ကို ကြောက်ရွံ့နေကြသည်။

ရှရှားအစိုးရနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် စစ်ကောင်စီတပ်က ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိန်းချုပ်လိုသဖြင့် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည်။ မတ်လ (၁၃) ရက်နေ့ကတည်းက စစ်ကောင်စီတပ်က အင်အားဖြည့်တင်းနေပြီး အင်အား (၁၀၀) ကျော်ရှိ စစ်ကောင်စီစစ်ကြောင်းကလည်း မတ်လ (၂၀) ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေး ဇုန်တွင် စစ်ကြောင်းထိုးနေသည်။

မတ်လ (၂၄) ရက်နေ့ နေ့ခင်း (၁) နာရီတွင် နဘုလယ်ဒေသ ခြေတော်ရာဘုရားအနီး လဲ့ရှောင်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားပြန်သည်။ ပရာဒက်၊ လဲ့ရှောင်နှင့် ထိန်ကြီးအပါအဝင် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အရေးပေါ် ထွက်ပြေးခဲ့ရသဖြင့် အမိုးအကာနှင့် စားနပ်ရိက္ခာများ လိုအပ်နေသည်။

နဘုလယ်ဒေသခံတစ်ဦးက "ချက်ချင်းထွက်ပြေးခဲ့ရတယ်။ တိုက်ပွဲက နီးသထက်နီးလာတယ်။ မြေပြင်ကတိုက်ပွဲရော လေပေါ်ကနေဗုံးကြဲမှာကိုရော ကြောက်နေရတယ်။ မိသားစု တော်တော်များများက ဘာမှမယူနိုင်ခဲ့ဘူး" ဟု ပြောသည်။

မတ်လ (၁၁) ရက်နေ့တွင် စစ်ကောင်စီခန့် တနင်္သာရီတိုင်းဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန် ပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်ကြရန် တိုင်းအစိုးရအစည်းအဝေးတွင် ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကြောင့် အဆိုပါဒေသတွင် တိုက်ပွဲနှင့် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာမည်ကို ဒေသခံများက စိုးရိမ်ကြောက်ရွံ့နေကြသည်။

စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက တနင်္သာရီတောင်ပိုင်း မြိတ်မြို့နယ် ချောင်းလမုကျေးရွာရှိ ဆီအုန်းခြံကို ပေါင် (၅၀၀) ဗုံးသီး (၂) ကြဲချတိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူ (၂) ဦး သေဆုံးခဲ့ရသည်။ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုကို အကြောင်းမဲ့လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

မတ်လ (၂၄) ရက်နေ့ ညနေ (၄) နာရီ (၁၅) မိနစ်တွင် တိုက်လေယာဉ်တစ်စင်းက ချောင်းလမုကျေးရွာရှိ ကျော်မော်-၁၉ ဆီအုန်းကုမ္ပဏီပိုင် ဆီအုန်းခြံကို ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ ဗုံးသီးသည် ကုမ္ပဏီဝင်းအတွင်းရှိ အလုပ်သမားတန်းလျားပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၂၇) နှစ်နှင့် (၃၃) နှစ်အရွယ် အမျိုးသား အလုပ်သမား (၂) ဦး သေဆုံးခဲ့သည်။

"ခြံထဲမှာ အလုပ်သမား (၄၀) ကျော် ရှိတယ်။ (၂) ယောက် သေတယ်၊ (၆) ယောက် ကျော် ဒဏ်ရာရတယ်။ တန်းလျားကတော့ လုံးဝပျက်စီးသွားတယ်" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

တိုက်လေယာဉ်က ဗုံး (၂) ခါ ကြဲချခဲ့သည်ဟု မျက်မြင်များက ပြောသည်။ ပထမတစ်ခေါက်တွက် ထိခိုက်သေဆုံးမှု မရှိသော်လည်း ဒုတိယတစ်ခေါက်တွင်မှ ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီက အဆိုပါဒေသတွင် တိုက်ခိုက်မှုများကို လုပ်ဆောင်နေသည်မှာ (၃) လကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဒေသခံများက ပြောသည်။ သိန်ခွန်းနှင့် အနီးအနားကျေးရွာများကို လေကြောင်းတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းများ လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူအများ အပြား ထိခိုက်သေဆုံးမှုများ ဖြစ်ပွားနေသည်။

မတ်လ (၁၂) ရက်နေ့တွင် ချောင်းလမုကျေးရွာရှိနေအိမ်သို့ စားစရာ ပြန်သွားယူသည့် စစ်ရှောင်ပြည်သူ (၄) ဦးသည် လက်နက်ကြီးထိမှန်ပြီး သေဆုံးခဲ့သည်။

၎င်းအဖြစ်အပျက်သည် ပဋိပက္ခဒေသတွင် ဒေသခံပြည်သူများက အကြမ်းဖက် တိုက်ခိုက်မှု ပုံသဏ္ဍာန်မျိုးစုံကို ကြုံတွေ့ခံစားနေသည်မှာ အမှန်ဖြစ်ကြောင်း ထင်ဟပ်ပြသနေသည်။ ရှေ့တန်းစစ်မျက်နှာပြင် မဟုတ်သော်လည်း ဒေသခံပြည်သူများမှာ ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ခံနေရသည်။

ရက်သတ္တပတ်အတွင်း၌ပင် မြိတ်ခရိုင် တနင်္သာရီမြို့နယ်မှ ကိုယ်ဝန်ဆောင်အမျိုးသမီး (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၄) ဦးသည် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် သေဆုံးခဲ့ရသည်။ သိန်ခွန်းကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က အနီးအနား ဝန်းကျင်ကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည်။ လက်နက်ကြီးကျည်သည် ချောင်းလမုကျေးရွာ အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

မတ်လ (၂၁) ရက်နေ့ ညနေ (၃) နာရီအချိန်တွင် ချောင်းလမုကျေးရွာသားများသည် စစ်ရှောင်ပြီးနောက် ဆန်များကို သယ်ယူနေကြစဉ် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည်။ သေဆုံးသူများတွင် အသက် (၃၅) နှစ်အရွယ် ကိုယ်ဝန်ဆောင်မိခင် ဒေါ်မိမဲနှင့် ၎င်း၏အစ်ကိုဖြစ်သူ အသက် (၃၈) နှစ်အရွယ် ကိုသောင်းပုတို့ ပါဝင်သည်။

“စစ်ရှောင်ပြီးလို့ စားဖို့သောက်ဖို့ဆိုပြီး ဆန်တွေကို သွားသယ်တာ။ အကုန်လုံး သေသွားကြတယ်” ဟု သိန်ခွန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ချောင်းလမုကျေးရွာမှ အခြားဒေသခံ (၂) ဦးဖြစ်သူ အသက် (၂၅) နှင့် (၂၆) နှစ်အရွယ် အမျိုးသား (၂) ဦးသည်လည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ တစ်ဦးသည် ညနေတွင် သေဆုံးသွားခဲ့သည်။ မတ်လ (၁၆) ရက်နေ့တွင်လည်း ချောင်းလမုကျေးရွာမှ အသက် (၄၀) အရွယ် အမျိုးသားတစ်ဦးသည် စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ပွဲချင်းပြီးသေဆုံးခဲ့သည်။

မတ်လ (၁၇) ရက်နေ့ကတည်းက ချောင်းလမုကျေးရွာအနီးတဝိုက်တွင် တိုက်ပွဲနှင့် လက်နက်ကြီးပစ်ခတ်မှုများ ပြင်းထန်နေပြီး ဒေသခံပြည်သူများသည် ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေရသည်။ ပြီးခဲ့သည့် ၂၀၂၄ ဒီဇင်ဘာလကတည်းက သိန်ခွန်းကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ပြင်းထန်နေသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်တစ်ခုတည်းတွင်ပင် သိန်ခွန်း၊ ချောင်းနှစ်ပေါက်နှင့် ချောင်းလမု ကျေးရွာများကို ဗုံးကြဲတိုက်ခိုက်မှု (၁၄) ကြိမ် ပြုလုပ်ခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

### ၁) တိကျသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်း

စစ်ခေါင်းဆောင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများ၊ စစ်ကောင်စီကို ဘဏ္ဍာရေးထောက်ပံ့ပေးနေသူများ၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသူများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ရမည်။

### ၂) တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း

ပြည်သူလူထုနှင့် လူနည်းစုတိုင်းရင်းသားများကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုနေသည့် လက်နက်ပစ္စည်းများ စစ်ကောင်စီလက်ဝယ်သို့ မရောက်ရှိစေရန် လက်နက်ရောင်းဝယ်မှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရမည်။

### ၃) အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှုယန္တရား ပေါ်ပေါက်လာရန် အားပေးခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပေါ်ပေါက်လာစေရန် အားပေးရမည်။ သို့တည်းမဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) က စစ်ကောင်စီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ပိုင်ခွင့်ရရန် အားပေးကူညီရမည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းပြောဆိုရမည်။

### ၄) နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း

ပဋိပက္ခနယ်မြေသို့ အကူအညီများ တိုက်ရိုက်ပေးအပ်နိုင်ခြင်း မရှိသဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နိုင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ရမည်။ အကူအညီများသည် ထိခိုက်နစ်နာသူများထံသို့ အမှန်တကယ်ရောက်ရှိနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ပေးအပ်ရမည်။

### ၅) သန်းခေါင်စာရင်းကောက်ခံခြင်းကို လွတ်လပ်စွာစောင့်ကြည့်နိုင်ရန် ဖိအားပေးခြင်း

စစ်ကောင်စီက ကောက်ယူနေသော သန်းခေါင်စာရင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ ပွင့်လင်းမြင်သာမှု ရှိရန်နှင့် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုများ လွဲမှားမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်။

## လူသားချင်းစာနာထောက်ထားမှုအလှူရှင်များသို့

### ၁) ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့မှုများ တိုးမြှင့်ခြင်း

ပကတိမြေပြင်တွင် လှုပ်ရှားနိုင်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။ မတရားစစ်မှုထမ်းခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ၏ သားကောင်များဖြစ်သည့် ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်နိုင်ရန်အတွက် ကွန်ရက်များ စတင်ဖွဲ့စည်းထားရမည်။

### ၂) စိတ်ကျန်းမာရေးနှင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးကို ထောက်ပံ့ခြင်း

ပဋိပက္ခဒေသမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်သည့် တုံ့ပြန်မှုများကို ပြုလုပ်ရမည်။ ထိခိုက်ခံစားရမှုများမှ ပြန်လည်သက်သာနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကုစားရေးအစီအစဉ် များကို အလှူရှင်များက ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။

### ၃) ပြည်သူလူထုများကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပေးအပ်ခြင်း

ဒေသခံပြည်သူများက ဗုံးခိုကျင်းများ တူးဖော်နိုင်ရန်၊ လုံခြုံစိတ်ချသည့် နေရာတစ်ခု ဖန်တီးနိုင်ရန်နှင့် ရုတ်တရက်တိုက်ခိုက်ခံရမှုများကို ကြိုတင်သတိပေးနိုင်သည့် စနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပြုလုပ်ရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရသို့

### ၁) သံတမန်ရေးရာထိတွေ့ဆက်ဆံမှုများကို ခိုင်မာအားကောင်းစေခြင်း

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းမဟာမိတ်များ၏ ကူညီထောက်ပံ့မှု ရရှိရန် အားထုတ်မှုကို မြှင့်တင်ရမည်။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားပြီး လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ပေးသည့် တရားဝင်အစိုးရအဖြစ် ပုံဖော်ဆောင်ရွက်ရမည်။

### ၂) တိုင်းရင်းသားအဖွဲ့များနှင့် ဆက်ဆံရေး မြှင့်တင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ဖက်ဒရယ်စနစ်ကို ကတိပြုကြောင်း သေချာစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီစနစ်တွင် လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားရမည်။

### ၃) အရပ်သားလုံခြုံရေးဇုန် တည်ထောင်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်း အမျိုးသားညီညွတ်ရေးအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့်အတူ အရပ်သားလုံခြုံရေးဇုန်များကို တည်ထောင်ရမည်။ အရပ်သားလုံခြုံရေးဇုန်များက အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှုနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

## ပါဝင်ပတ်သက်သူများအားလုံးသို့

၁) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ မီဒီယာစာမျက်နှာထက်သို့ ရောက်ရှိနိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်တင်ပြပေးရန် နိုင်ငံတကာမီဒီယာများကို တွန်းအားပေးရမည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ လူနည်းစုတိုင်းရင်းသားများကို ပစ်မှတ်ထားမှုများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်းများကို မီးမောင်းထိုးပြရမည်။

### ၂) လုံခြုံစိတ်ချစွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်လုံခြုံရေးဆိုင်ရာ အသိပညာပေးမှုများ လုပ်ဆောင်ခြင်း

ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ဆက်သွယ်ပြောဆိုလုပ်ကိုင်မှုအားလုံးကို ကာကွယ်နိုင်ရန် အင်တာနက်လုံခြုံရေးအသိပညာပေးသင်တန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ထိုကဲ့သို့သောထောက်ပံ့မှုများကို တိုးမြှင့်ပေးအပ်ရမည်။

### ၃) မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်း အသိပညာပေးခြင်း

ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများ အထူးသဖြင့် ကလေးသူငယ်များကို ထိခိုက်သေဆုံးမှုဖြစ်စေသည့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် ပညာပေးသင်တန်းများ စတင်နိုင်ရန် ဘဏ္ဍာရေးထောက်ပံ့မှုများ ပေးအပ်ရမည်။

## Monthly Overview

# မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မတ်လ ၂၀၂၅ ခုနှစ်